


## အမှာစာ

ဤစာအုပ်သည် စာရေးဆရာမ karen connelly ၏ မူရင်းစာအုပ်တအုပ်ဖြစ်ပြီး စာဖတ်သူ များအား အလွန်အမင်း ဖတ်စေချင်သော ဆန္ဒကြောင့် ကြိုးစား တင်ပြလိုက်ပါသည်။ ဤစာအုပ်အား ဖတ်စေခြင်းဖြင့် မြန်မာနိုင်ငံအတွင်း အုပ်ချုပ်မင်းမူနေသော စစ်အစိုးရ၏ လက်ထက်တွင် မြန်မာနိုင်ငံသားတို့ မည်ရွေ့ မည်မျှထိလူ့ အခွင့်အရေး ဆုံးရှုံးနေပြီး မြန်မာနိုင်ငံတွင်းရှိ အကျဉ်းထောင်များအတွင်း မည်ကဲ့သို့ ဖိစီးနှိပ်စက်၊ မည်ကဲ့သို ဆင်းရဲဒုက္ခခံရ၍ စစ်အစိုးရ၏ လူမဆန်မှုများကို ကွက်ကွက်ကွင်းကွင်း သိမြင်ရမည် ဖြစ်ပါသည်။ အခန်းဆက်အဖြစ် ဖော်ပြသွားပါမည်။

**အလင်းအိမ်မဂ္ဂဇင်း**

ဘာသာပြန်ဆိုသူ–**Roland Hardy(ခ) မောင်မောင်လတ်**

**ယခင်လမှ အဆက်**

# အိမ်ပြောင်လှောင်အိမ်

**အပိုင်း(၁၉)**

ကိုစိန်ယုံလာပြီး တေဇမျက်နှာကို စိုက်ကြည့်လိုက်ရင်း “တေဇ မင်းအခုထက်ထိ မရေးရဘူး မဟုတ်လား။ နံရံကို မှီထားရင်းလေးလံစွာနဲ့ ခေါင်းကို တဖြည်းဖြည်းရမ်းပြရင်း မရေးရသေးဘူးလို့ ပြန်ပြောလိုက်တယ်။ ညနေထမင်းစား ပန်းကန်ကို တေဇ အရှေ့မှာ ချပေးလိုက်သံကို ကြားလိုက်ရပါတယ်။”

ကိုစိန်ယုံ။ ။ တေဇ မင်းတော်တော်ရက်စက်တဲ့ ကောင်ဘဲ။ မင်းသိထားဖို့က ငါဟာဘာမှ အရေမရ အဖတ်မရဘဲ ကိုယ်လည်ပင်းကို ကြိုးစွပ်ပြီး မင်းတို့နိုင်ငံရေးသမားရဲ့ စာကို အပြင်ထုတ်ပေးဖို့ လုပ်နေတာကို သတိရပါဦးကွာ။ ငါဟာ ကိုယ့်ဒုက္ခကိုယ်ဝယ်နေရတာဘဲ။

တေဇ။ ။ ခင်ဗျားကို ပြောထားပါတယ်။ မနက်ဖြန်တော့ ဘာဘဲဖြစ်ဖြစ် ရအောင် ခင်ဗျားလက်ထဲကို ရေးပြီးသားစာ ထည့်ပေးမယ်။ ဟုတ်ပြီလား။

ကိုစိန်ယုံ ယွန်းတံခါးဖက်ကို လှည့်ထွက်သွားရင်း တေဇဆီကို နောက်လှည့်ကြည့်လိုက်တယ်။

ကိုစိန်ယုံ ။ ။ အေး...မင်းကသာ နောက်ကျနေတယ်။ အဆောင် (၃)က နိုင်ငံရေးသမားတွေ စာရေးပြီးပြီဆိုလို့ ငါဒါပြီးရင် သွားယူရဦးမယ်။ မင်းလည်း စာရေးပြီးပြီလို့ သူတို့ထင်နေကြမှာဘဲ။ ဘာလည်း မင်းကြောက်နေတာလား?

တေဇ။ ။ ကျနော် ပြောပြီးပြီဘဲဗျာ။ မနက်ဖြန် ဆက်ဆက်ပေးပ့ါမယ်။ နောက်ပြီးအဆောင် (၃)ရောက်ရင် ကျနော်တို့ ကျောင်းသားခေါင်းဆောင်ကြီးဖြစ်တဲ့ ကိုမျိုးမျိုးသန့်ကို ကျနော် နှုတ်ဆက်လိုက်ကြောင်း ပြောပေးပါနော်။

ကိုစိန်ယုံ ။ ။ အေးမပူနဲ့...ငါပြောပေးပါမယ်။ မင်းသာမင်းအလုပ်ကို ပြီးအောင်လုပ်ထား။ ငါပြန်မယ်။ ကိုစိန်ယုံ တံခါးပိတ်ပြီး ပြန်ထွက်သွားပါတယ်။

ခြင်တကောင်ဟာ တေဇခေါင်းမှာ ဝဲနေတယ်။ မကြာခင်မှာဘဲ တေဇ ပါးပြင်ပေါ်မှာ လာနားပြီး သွေးကို အားရပါးရ စုပ်နေတယ်။ တေဇ ဘာမှ ပြန်မလုပ်ဘဲ သွေးစုပ်နေတဲ့ ခြင်အကြောင်း စဉ်းစားနေတယ်။ ခေါင်းထဲမှာ ရှုပ်ထွေးနေတယ်။ ရေးမယ်ဆိုတာက ရေးရမှာဘဲ။ အဲဘာကို ရေးမလဲ၊ ဘာအကြောင်းကို ရေးမလည်း၊ ဘယ်လိုအကြောင်းဘဲ ရေးရေး စစ်အစိုးရကို ဆန့်ကျင် တာတွေဘဲ ရေးဖြစ်မှာဘဲ။ ဘယ်လိုလုပ်ပြီး ဒီကနေ ထုတ်ယူသွားကြမှာလဲ? ဘယ်သူက တာဝန်ခံ ပြီး အပြင်ထုတ်သွားပေးမှာလည်း။ စစ်အစိုးရကို စိတ်ထဲကနေ စကားပြောနေမိတယ်။

“ငါတို့တတွေ ကြွေးကြော်နေတာကို မင်းတို့တတွေက ပိတ်ပင်ပြီး ထောင်ထဲမှာ ရက် ရက်စက်စက် ပစ်ထားပေမဲ့ ပါးစပ်တွေဘဲ မင်းတို့ပိတ်လို့ရမယ်။ ငါတို့ရဲ့လက်တွေရှိသေးတယ်။ ငါ့တို့ အခု စာရေးတော့မယ်။ မင်းတို့ ဘာများ တတ်နိုင်သေးလည်း။ ကြုံးဝါးနေမိတယ်။ တကယ် ဆိုရင် တေဇရဲ့ သီချင်းတွေကို လူတွေ သိပ်ကြိုက်ကြပါတယ်။ လျှိုဝှက်ပြီး ကြိတ်ဝယ်နေရတယ်။ တေဇရဲ့ သီချင်းစာသားတွေဟာ သိပ်ထိထိမိမိ ရှိလို့ လူတွေ သိပ်သဘောကျတယ်။

ထောင်ဝင်စာထုပ်ကို တခါပြန်ဖွင့်လိုက်တယ်။ ပြီးတော့အထုပ်ထဲက စာရေးစက္ကူနဲ့

# ဘယ်လိုအကြောင်းဘဲ ရေးရေး
# စစ်အစိုးရကို ဆန့်ကျင် တာတွေဘဲ
# ရေးဖြစ်မှာဘဲ။

ဘောလ်ပင်အဖြူရောင်ကိုထုတ်ပြီး ကြမ်းပြင်အညီဆုံးနေရာမှာ ထားလိုက်တယ်။ စာရေးကောင်းမဲ့နေရာကို ရွေးလိုက်တာဖြစ်တယ်။ ပထမ လက်ဝါးပေါ်မှာ အစမ်းရေးခြစ်မိတယ်။ စာရွက်ပေါ်မှာ ငုံ့လိုက်ရင်း လက်တဖက်ကိုထောင် နောက်တဖက်ကို ဆန့်ရင်း စာရေးဖို့ အနေအထား အသင့်ပြင်လိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ချီးမွမ်းကျေးဇူးတင်ကြောင်း၊ မြတ်နိုးကြောင်း၊ အားကိုးကြောင်းတွေ ရေးရတော့ ရင်ခုန်နေတာ အမှန်ဘဲဖြစ်တယ်။ လက်ဖဝါးလည်း ချွေးတွေ ရွှဲနေပြီး။ အရင်တုန်းက ရည်းစားစာရေးသလို ပြန်ခံစားမိပါတယ်။

အောက်နှုတ်ခမ်းကို ကိုက်ထားရင်းစာရေးနေမိတယ်။ ရင်ထဲက ခံစားချက်ထွက်ပေါ်လာပြီး စာကောင်းကောင်း ရေးနိုင်လို့ ကိုယ့်ကိုကိုယ် သဘောကျနေမိတယ်။ ဒီတခါရေးရတာ တယ်လွယ်ကူပါလားလို့ ခံစားမိတယ်။ လက်ဖဝါးမှာ ချွေးတွေ ရွှဲလာပြီး ပုဆိုးနဲ့ သုတ်လိုက်တယ်။ နောက်ပြီး ၂ ခါလောက် ထရပ်လိုက် လမ်းလျှောက်လိုက်နဲ့ လုပ်နေမိတယ်။ လမ်းလျှောက်ရင်းနဲ့စာသားတွေကို ရေရွတ်နေမိတယ်။ စာရေး ရတာ အမှားလုံးဝမပါလို့ ပျော်နေမိတယ်။ ပြင်စရာဘာမှ မလိုဘူး။ ၉ နာရီလည်း ထိုးတော့ မီးလည်းပိတ်ပြီ။ တက်ကြွနေတဲ့ မျက်လုံးတစုံရယ်၊ စာရေးစက္ကူရယ် အမှောင်ထုထဲကို ပြန်ရောက်သွားကြပါတယ်။

ထောင်ဝင်စာထုပ်ဟာ အခန်းအလယ်မှာဘဲ ရှိနေဆဲ ဖြစ်ပါတယ်။ တခုခုတော့ မှားနေတယ် လို့ တွေးထင်မိတာ အမှန်ဖြစ်ပါတယ်။ ခြတွေဟာ ထောင်ဝင်စာ ကပ်ထူပုံးထဲဝင်ပြီး အားရပါးရ စားနေကြတော့တယ်။ ခြတွေ ထောင်ဝင်စာထဲက စားစရာတွေ အကုန်လုံး စားလိုက်ရင် ငါတော့ တော်တော့ မှာဘဲဆိုပြီး တေဇ စိုးရိမ်မိတယ်။ ထောင်ဝင်စာဆိုတာ ဖွင့်ပြီးသားလာတာပဲ။ ဒီတခါ ပိတ်ပြီးလာတာ အံ့သြစရာပဲ။ အမှန်ဆိုရင် ထောင်ဝင်စာကို ထောင်မှူးတွေ တာဝန်ရှိသူတွေ သေ သေချာချာ စစ်ဆေးပြီမှ အဆင်ဆင့် ဖြတ်ခုတ်ရင် တေဇဆီကို နည်းနည်းလေးကျန်မှ ရောက်တတ် တဲ့အရာတွေ ဖြစ်တယ်။

ခြကောင်တွေ ရာနဲ့ချီရှိတယ်။ အကောင်ကြီးတွေ အများကြီးတွေ့လိုက်ရတယ်။ ခြတွေကို မောင်းထုတ်၊ ခါထုတ်နေလိုက်တယ်။ ဒါပေမဲ့ သူတို့ ပြန်ပြန်လာကြတယ်။

ထောင်ဝင်စာဘူးထဲမှာ ခြတွေ ဘာများလိုချင်တာပါလိမ့်? ကြိုးစား၊ပမ်းစား ပြန်လာနေကြတာလဲ? ကပ်ထူပုံး အောက် ဖက်ကို သေသေချာချာ ကြည့်လိုက်တယ်။

အောက်ဆုံးမှာ ဘယ်တုန်းက လူမသိအောင် ထည့်ထားတာလဲမသိဘူး။ ပန်းရောင်သမ်း နေတဲ့ အိမ်မြှောင်အသေတကောင် တွေ့ရတယ်။ အရည်ပြားတွေကုန်ပြီး ခြတွေစားလို့ ဦးခေါင်း လည်း အရိုးပေါ်နေပြီး မျက်လုံးတစုံက အသက်ရှင်နေသလို တောက်ပနေတုန်းပဲ။ တေဇကို စိုက် ကြည့်နေတယ်။ အိမ်မြှောင်ကို ကြည့်ရင်း သနားလာတယ်။ ကြောက်စိတ်လည်း ဝင်လာသလိုပဲ။ အော်ဟစ်ပြီး ငိုလိုက်ချင်တယ်။ စိတ်ထဲကလည်း တယောက်ယောက်ကို အော်ဟစ်ပြီး အကူအညီ တောင်းလိုက်ချင်တယ်။ ဒါပေမဲ့ ခန္ဓာကိုယ်လည်း လှုပ်လို့မရပါ။ အသံလည်း ထွက်မလာပါ။ အိမ် မြှောင်ဆိုတာ မွေးကင်းစ လူသားလိုဘဲ ဆိုတဲ့ ဖိုးဖိုးပြောခဲ့ဘူးတဲ့ စကားကို ပြန်ကြား ယောင်မိတယ်။ အဲဒါနဲ့ လန့်ပြီး နိုးလာတယ်။ အော်…… ငါအိပ်ပျော်သွားတာကိုး။

အမှောင်ထဲမှာ ထပြီးထိုင်နေမိတယ်။ ကိုဆွာမိရဲ့ ၄ နာရီသံချောင်းခေါက်သံ ကြားလိုက်ရပါ ပြီ။ ကလေးငယ်တွေကို ချော့သိပ်သလို ကိုယ့်ကိုကိုယ် ချော့ပြီး ပြန်အိပ်နိုင်အောင် ကြိုးစားနေတယ်။ မနက် ၆ နာရီလည်းထိုးရော မီးတွေ ပြန်လင်းလာတယ်။ ခြတွေကို တကောင်ချင်း ဖယ်ထုတ်ပြီး ထောင်ဝင်စာ ကပ်ထူပုံးကို လက်ထဲမှ ပိုက်ထားလိုက်တယ်။ အခန်းထဲမှာ ခေါက်တုံ့၊ ခေါက်ပြန် လမ်းလျှောက်နေမိတယ်။ အထုပ်ကို တခါပြန်ချပြီး စာကိုပြန်ဖတ်နေမိတယ်။ တကယ်ဆိုရင် စာထဲမှာ ရေးထားတဲ့ အကြောင်းတွေဟာ ရင်ထဲက ထွက်လာတဲ့ အရာတွေဘဲဖြစ်လို့ပြန်မဖတ်ရင်တောင် ရင်ထဲကအလွတ် ရနေတဲ့ စာသားတွေဖြစ်ပါတယ်။

ဒါနဲ့ဘဲ တမနက်လုံး တရားထိုင်လေ့ကျင့်နေတယ်။ ၁၁ နာရီ သံချောင်းခေါက်သံ ကြားရပြီး စကြိန်ကလာမည့် ဖိနပ်သံ၊ လူသံတွေကို နားစွင့်နေမိတယ်။ တံခါးဖွင့်ဖွင့်ချင်း တေဇက ကိုစိန်ယုံကို **“ခင်ဗျား မှာထားတဲ့ စာပြီးပြီ။ ရော့…ယူသွားတော့”** လို့ ပြောလိုက်တယ်။ ကိုစိန်ယုံက တေဇကို ထမင်းပန်းကန် လှမ်းပေးရင်း ကတုန်ကယင်နဲ့ **“စာကို ငါအခုယူသွားလို့မရသေးဘူး။ မင်းရဲ့ထ မင်း ပန်းကန် အလွတ်ပေး။ ငါပြန်တော့မယ်”**။ လို့ ပြောလိုက်တယ်။

# ခြတွေဟာ
# ထောင်ဝင်စာ ကပ်ထုပ်ပုံးထဲဝင်ပြီး
# အားရပါးရ စားနေကြတော့တယ်။

တေဇ ဒေါသနည်းနည်းထွက်သွားတယ်။ **“ခင်ဗျားဘဲ အသည်းအသန် ရေးခိုင်းတာ။ ရေး ပြီး နေပြီလေ။ ဘယ်လိုဖြစ်တာလဲ?**

ကိုစိန်ယုံ။ ။ ထောင်မှူးကိုလူချောက ငါ့ကို သိပ်မကြည်လင်ဘူး။ စစ်ဆေးနေလို့ တွေ့သွား ရင်ပြဿနာ သိပ်ကြီးသွားမယ်။ အခုလည်း သူစကြိုန်မှာ ရှိနေတယ်။ ငါအခု မင်းစာကို ယူသွားလို့ မဖြစ်သေးဘူး။ ညကျမှ လာယူမယ်။ မျက်စိပျက်၊ မျက်နှာပျက်နဲ့ ယာဉ်ထိမ်းရဲ ကားတားသလို လက် ဝါးထောင်ပြီး ရပ်ဆိုတဲ့ ဒီဇိုင်းနဲ့ လုပ်ပြတယ်။ ကိုစိန်ယုံ ထွက်သွားတော့ တေဇ နားစွင့်နေတာ စကြိုန် က ဘယ်သူ့ ခြေသံ၊ လမ်းလျှောက်သံမှ မကြားရပါ။ ထမင်းထိုးတဲ့ အကျဉ်းသားရယ်၊ တာဝန်ကျ ထောင်မှူးတို့ ဘယ်သူမှ မရှိတော့ဘူး။အားလုံး စကြိုန်က ထွက်သွားကြပြီ။

တေဇ စာရွက်ခေါက်ကို တခါပြန်ဖွင့်လိုက်တယ်။ ပြန်ဖတ်စရာ မလိုတဲ့စာဖြစ်နေတယ်။ ရင် ခုန်သံကို အတိုင်းသား ကြားနေမိတယ်။ သူရေးထားတဲ့စာဟာ သူ့ အရှေ့ မှာရှိနေပါတယ်။ တကယ် ဆိုရင် ဒီစာဟာ သူနဲ့ အတူ ဒီအခန်းထဲမှာ ရှိနေတာဟာ ငြင်းမရနိုင်တဲ့ ခိုင်မာတဲ့ သက်သေခံပစ္စည်း တခုမဟုတ်ပါလား။ တေဇ စိတ်ထဲမှာ ပူပင်သလို ခံစားရတယ်။ စကြိုန်က ဘာအသံများကြားရမလဲ ဆိုပြီး နားကို တချိန်လုံး စွင့်ထားတယ်။ ဘာအသံမှ မကြားရပါ။ ကြွက်တွေ ပြေးလွှားနေသံလောက်ဘဲ ကြားရတယ်။ အဲ...နောက်ပြီး လေဝင်ပေါက်ကတဆင့် တေဇအခန်းအပြင်ဘက်မှာ ထောင်ကျတွေ အလုပ်လုပ်ရင်း စကားပြော ရယ်မောသံတွေ၊ ငြင်းခုန်သံတွေ အော်ဟစ်ပြောဆိုသံတွေ အတိုင်းသား ကြားနေရပါတယ်။ နောက်ထပ် ၁ နာရီ လောက်ကြာတော့ တေဇ ငါးတကောင်ကို စားပြီးလို့ အရိုး ကျန်တွေကို ချေးအိုး (ဂန်ဖလား)ထဲ ပစ်ထဲ့လိုက်တယ်။ ကိုစိန်ယုံရဲ့ ခြေသံလိုလို ကြားရမိသလိုဘဲ။

ဒီနေ့ ထောင်မှူး ဘယ်သူကျမလဲ မသိဘူး။ ထောင်မှူး ကိုလူချောများ ဒီနေ့ ရော ဆက်ကျ နေမှာလား? ထောင်ထဲက စစ်အစိုးရကို ဆန့်ကျင်တဲ့ စာတစောင် အပြင်ကို ရောက်သွား ဖို့ ဆိုတာ တကယ်မလွယ်တဲ့အလုပ် ဖြစ်တယ်။ သိပ်စွန့်စားရတဲ့ လူရှိရမယ်။

စာကိုထုတ်သွားဖို့ က အဆင့်ဆင့် လုပ်စရာတွေထဲက တခုလေးမျှ လွဲချော်သွားလို့ မဖြစ်နိုင်ပါ။ အတိမ်းအစောင်း လုံးဝမခံနိုင်ပါ။ သိပ်တိတိကျကျ လုပ်နိုင်မှဖြစ်တယ်။ တေဇ နောက်တခု စဉ်းစားမိတာရှိတယ်။ တကယ်လို့ ကံဆိုးစွာ အရင်က စီစဉ်ထားသလိုဖြစ်မလာဘဲ ဒီနေ့မှ အစောင့်ထောင်မှူး တ ယောက် အမှတ်မထင် ပြောင်းလိုက်တာလို့ မမျှော်လင့်ဘဲ တခါတလေ အခန်းတွေကို ပိုက်စိပ် တိုက်ရှာဖွေတဲ့ (တလာစီ)တာမျိုး ရုတ်တရက် လုပ်လိုက်ရင် ဘယ်လိုလုပ်မလဲ။ မဖြစ်နိုင် ပေမဲ့ ဖြစ်လာခဲ့ရင် ဘယ်လိုလုပ်မလဲ? တွေဝေနေတဲ့ ခွေးတကောင်လို ခေါင်းငိုက်စိုက်ကျသွားတယ်။ စိတ်ဓါတ်လည်း ကျသွားတယ်။ မျက်လုံးဟာလည်း တောင်ကြည့်၊ မြောက်ကြည့်နဲ့ ဂနာမငြိမ်သလို ဖြစ်နေတယ်။ လေဝင်ပေါက်မှာတော့ ပင့်ကူဟာ သူ့ရဲ့ အိမ်အသစ်ကို လှပစွာကြိုးစားပမ်းစား တည်ဆောက်နေပါတယ်။

လေပြင်းပြင်းတိုက်သံကြားရသလို ခံစားရတယ်။ အဲဒီလေပြင်းတိုက်တဲ့ အသံနဲ့ အတူ လူအော်ဟစ် ငိုကြွေးလိုက်တဲ့အသံမျိုးလည်း ပါလာတယ်။ တေဇ နားကို သေသေချာချာ စွင့်ထားပေမဲ့ နော်ကတခါ ဘာအသံမှ ထပ်မကြားရတော့ပါ။ မိုးခြိမ်းသံလိုလို ကြားနေရပြီး မနေ့ည အိမ်မက်ထဲက ခြတွေဝိုင်းကိုက်ပြီး အရည်ခွံကုန်ပြီး၊ အရိုးနဲ့ မျက်လုံးလေးတစုံဘဲ ကျန်ရစ်တဲ့ သနားစဖွယ် အိမ်မြှောင်ကို မြင်ယောင်မိတယ်။

ထောင်ဝင်စာ ကပ်ထူပုံးက ရေးထားတဲ့စာကို ထုတ်ယူလိုက်တဲ့အချိန်မှာ အသဲထဲက အေးစက်ပြီး ရှိသမျှအမွေးတွေ ထောင်လာသလို ကြက်သီးဖြန်းဖြန်းထသွားတယ်။ အသက်ကို မရှူဘဲ ဒီအတိုင်းနေနေတယ်။ ပထမ တဝက်ဆုတ်ဖြဲလိုက်တယ်။ နောက်ပြီး နောက်တဝက်၊ တဝက်နဲ့ အသေးဆုံးဖြစ်အောင် စာကိုဆုတ်ဖြဲနေမိတယ်။ အသေးဆုံး အစိတ်ပိုင်းဖြစ်အောင် ဖြဲနေရင်း လက်ညှိုးတွေတောင် နာလာတယ်။ သူဘာကြောင့် ဒီလိုလုပ်နေသလဲ? ရေးပြီးသားစာကို ဘာကြောင့် ဆုတ်ဖြဲလိုက်လိုက်သလဲဆိုတာ မသိနိုင်ပါ။ သေချာတကာ သူဟာ သူ့ရဲဘောကြောင်ပြီး ဒီစာကို ဖြဲလိုက်တယ်လို့ သူ့ကိုယ်သူ မထင်မှတ်တာ အမှန်ဖြစ်ပါတယ်။

ဒါနဲ့ပဲ ၅ နာရီ သံချောင်းခေါက်သံကြားရပြီး ကိုစိန်ယုံ စာလာယူတော့မယ်။ ဖြဲထားတဲ့ စာရွက်ကလေးတွေကို ပါးစပ်ထဲထည့်ပြီး အသေးဆုံးနဲ့ အကျေညက်ဆုံးဖြစ်အောင် ဝါးစားပြီး ရေနဲ့ ရောမြိုလိုက်တယ်။ နည်းနည်း ကျန်သေးတယ်။ ရေနဲ့ ထပ်မျှောလိုက်တယ်။ စာတစောင်လုံး ဗိုက်ထဲမြိုချလိုက်ပေမဲ့ ဝမ်းခေါင်းထဲမှာ တစ်နေသလို ခံစားမိတယ်။ နည်းနည်းအနေချောင်သွား

အောင် သီချင်းဆိုရင်းနဲ့ ကလိုက်တယ်။ စာရေးစက္ကူတွေ အကုန်လုံး ဗိုက်ထဲမှာ သေသေချာချာ ရောက်သွားပြီး။ စောင်အောက် ဘောလ်ပင်အဖြူကို ယူလိုက်ပြီး ပလပ်စတစ်နဲ့ ပတ်လိုက်တယ်။ ခြေသံတွေ အများကြီးကြားရတယ်။ ဒါပေမဲ့ ကိုစိန်ယုံရဲ့ ရာဘာဖိနပ်သံ မပါပါ။ စစ်ဖိနပ်သံတွေဘဲ ဖြစ်တယ်။ အနည်းဆုံး ၅ယောက်လောက် ရှိမယ်ထင်တယ်။

စကြီန်ထဲကို ဝင်လာပြီ။ အခန်းတံခါးတွေရဲ့ သော့သံ တချွင်ချွင် ကြားနေရပြီ။ ကိုလူချော ရဲ့ အသံကိုလည်း ကြားလိုက်ရသလိုပဲ။ အတတ်တော့ မပြောနိုင်ပါ။ သေချာတာကတော့ ပြဿနာ အကြီးအကျယ်စပြီဆိုတာ ထောင်ထဲမှာနေတာကြာတဲ့ အတွေ့အကြုံတွေအရ အလိုလို သိ လာ တယ်။ ပြဿနာကြီးကြီးတခု စနေပြီ။ လက်ထဲက ဘောလ်ပင်ကို (Dart) မြှားပစ်သလို လေဝင် ပေါက် သံတိုင်ကြားကနေ အပြင်ကို မရောက်ရောက်အောင် ပစ်ထုတ်နေရတယ်။ ...အရေးကြီးပါ တယ်ဆိုမှ ၃ ကြိမ်တိတိ ပစ်တာတောင် ပြန်ပြန် ကျလာတယ်။ အပြင်ကို ခုထက်ထိ ရောက်မသွား သေးဘူး။ ပင့်ကူလည်း ပြေးပြီ။ ပင့်ကူအိမ်လည်း ပျက်စီးကုန်ပြီ။ စက္ကန့်တိုင်းဟာ သိပ်ကြာနေသလို ခံစားမိတယ်။ အကြိမ်ကြိမ် ကြိုးစားတာလည်း ဘောလ်ပင်ဟာ အပြင်ကို မရောက်နိုင်သေးပါ။ စိတ် ထဲမှာ စိုးရိမ်မှုတွေ သိပ်ကြီးထွားလာသလို ခံစားရတယ်။

စိတ်ထဲမှာ တေဇ၊ တေဇဆိုပြီး သတိပေး အော်ဟစ်လိုက်တဲ့ အသံကို ကြားလိုက်ရသလို ခံစားရတယ်။ ဖေဖေ အသံလိုလို၊ ညီငယ်အောင်မင်းရဲ့ အသံလိုလို စိုးရိမ်တကြီးနဲ့ သူ့နာမည်ကို ခေါ်နေတာ ကြားလိုက်ရသလိုဘဲ။ ဒုက္ခအကြီးဆုံးက တေဇရဲ့ အပြင်ပဲ။ ပထမ တံခါးဖွင့်သံကြားလိုက် ရပြီး တေဇအမြန်ထွက်လိုက်တယ်။ အများဆုံး ၄၊ ၅ စက္ကန့်ဘဲ ကျန်တော့တယ်။ သူတို့ တတွေ အခန်းထဲ ရောက်လာ ကြတော့မယ်။

ကဲ...... ပစ်တော့။ သေချာပါစေနော်။ မလွဲပါစေနဲ့ အချိန်လည်း ကုန်သွားပြီ။ စိတ်ထဲမှာ ဖော်ပြလို့မရအောင် ဝမ်းသာသွားတယ်။ ဘောလ်ပင် ဒီတခါ ဘာနဲ့မှမထိဘဲ လျောလျောရှူရှူ အခန်း လေဝင် ပေါက်မှတဆင့် ပျံဝဲထွက်သွားပြီ။ ဒါနဲ့ဘဲ တေဇရဲ့ အခန်း တံခါးလည်း ဖွင့်သံကြားရပြီ။ သူတို့ တတွေ အခန်းထဲကို ပြန်လာကြပြီ။ မရှိတော့ဘူး

**ဘာသာပြန် မောင်မောင်လတ်**

စာရေးစက္ကူဟာ ကြေမွပြီး ဗိုက်ထဲမှာ ရေနဲ့ရော သွားပြီ။ ဘောလ်ပင်လည်း ပလပ်စတစ်နဲ့ ပတ်ပြီး အပြင်ဘက်ကို ချောချောမွေ့မွေ့ ရောက်သွားပြီ။ ဒါပေမဲ့ တခုတော့ သတိထားမိတယ်။

**မေလထုတ်တွင် ဖော်ပြပါမည်။**

...... တေဇ ဒူးတွေ နည်းနည်း တုန်နေတာရယ်။ လက်ဖဝါးဟာ ချွေးတွေနဲ့ ရွှဲနေတာရယ်။

ယခုလထုတ်တွင် စာမျက်နှာအခက်အခဲကြောင့်
ထည့်သွင်း မဖော်ပြနိုင်သော စာမူများကို မေလထုတ်တွင်
ဆက်လက် ဖော်ပြပေးသွားပါမည်။
ဆက်လက်ဖော်ပြပါမည်။